# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 27 , 2022 Volume 58, Number 19


### ၂၇.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၁၀၀ ကျပ် |
| CBM Rate | = ၂၀၂၀.၂ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၅.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၃၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂ ခုနှစ် မေလတွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၀၈ သန်းကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော် ပိုမိုရရှိ

၂၀၂၂ ခုနှစ် မေလတွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၀၈ သန်းကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် မေလတွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၀၈ ဒသမ ၄ သန်းရရှိခဲ့သည်။၂၀၂၁ ခုနှစ် မေလတွင် ဒေါ်လာ ၂၄၅ ဒသမ ၁ သန်း ရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် မေလတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ရရှိငွေမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ ဒသမ ၃ သန်း ပိုမိုရရှိခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ (Mini Budget) ခြောက်လအတွင်း ပြည်ပသို့ သဘာဝဓာတ် ငွေ့တင်ပို့မှုမှ ဒေါ်လာ ၁၇၁၅ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် နိုဝင်ဘာလတွင် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်း လအလိုက်ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၂၈၀ ဒသမ ၂ သန်း၊ နိုဝင်ဘာတွင် ၃၀၀ ဒသမ ၈ သန်း၊ ဒီဇင်ဘာတွင် ၂၇၄ ဒသမ ၂ သန်း၊ ဇန်နဝါရီတွင်၂၇၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ၂၉၀ ဒသမ ၂ သန်း၊ မတ်လတွင် ဒေါ်လာ ၂၉၀ ဒသမ ၃ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၁၇၁၅ ဒသမ ၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ၁၂ လအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၁၅၀ ဒသမ ၇ သန်းရရှိခဲ့ပြီး နိုဝင်ဘာလတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာသန်း ၃၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီလတွင် ဒေါ်လာ ၂၃၂ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ၂၃၆ ဒသမ ၇ သန်း၊ မတ်လတွင် ဒေါ်လာ ၂၅၇ ဒသမ ၇ သန်း၊ ဧပြီလတွင် ဒေါ်လာ ၂၂၉ ဒသမ ၂ သန်း၊ မေလတွင် ဒေါ်လာ ၂၄၅ ဒသမ ၁ သန်း၊ ဇွန်လတွင် ဒေါ်လာ ၂၄၆ ဒသမ ၂ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၂၇၈ ဒသမ ၄ သန်း၊ ဩဂုတ်လတွင် ဒေါ်လာ ၂၈၄ ဒသမ ၀ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၂၈၅ ဒသမ ၆ သန်း၊


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အောက်တိုဘာလတွင် ဒေါ်လာ ၂၈၀ ဒသမ ၃ သန်း၊ နိုဝင်ဘာလတွင် ဒေါ်လာ ၃၀၀ ဒသမ ၈ သန်း၊ ဒီဇင်ဘာလတွင် ဒေါ်လာ ၂၇၄ ဒသမ ၂ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၃၁၅၀ ဒသမ ၇ သန်း ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇန်ဝါရီတွင် ဒေါ်လာ ၂၇၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၉၀ ဒသမ ၂ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅ ဘီလျံကျော်ရရှိခဲ့ပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်ထက် ဝင်ငွေဒေါ်လာသန်း ၄၂၀ ခန့် လျော့ကျခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ ထုတ်ပြန်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅၀၆ ဘီလျံ (ဒေါ်လာ ၃၅၀၆ ဒသမ ၆၂ သန်း) ရရှိထားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသ မ ၉၂၄ ဘီလျံ (ဒေါ်လာ ၃၉၂၄ ဒသမ ၉၂ သန်း) အထိ ရရှိထားသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ရရှိသောဝင်ငွေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် ဝင်ငွေဒေါ်လာ ၄၁၈ ဒသမ ၃ သန်း လျော့ကျခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅၁၃ ဘီလျံ (ဒေါ်လာ ၃၅၁၃ ဒသမ ၂၁ သန်း) ရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၁၁၆ ဘီလျံ (ဒေါ်လာ ၃၁၁၆ ဒသမ ၃၄ သန်း) ရရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၄၄၅ ဘီလျံ (ဒေါ်လာ ၃၄၄၅ ဒသမ ၁၀ သန်း)ရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

**Source: Eleven**

## ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံ ဈေးကောင်းနေသော်လည်း အခြား ပဲ၊ နှမ်းများ ဈေးအေးနေ




အိန္ဒိယဝယ်လိုအားကောင်းနေခြင်းနှင့် ဒေါ်လာငွေလဲလှယ်နှုန်း မြင့်မားနေခြင်းတို့ကြောင့် ပို့ကုန်ပဲများဖြစ်သော မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးကောင်းကာ အဝယ်လိုက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

အိန္ဒိယပို့ကုန်ပဲများဖြစ်သည့် မတ်ပဲမှာ သုံးတင်းဝင်တစ်အိတ်ကျပ် နှစ်သိန်းဝန်းကျင် ပေါက်ဈေးရှိနေပြီး၊ ပဲစင်းငုံမှာ တစ်အိတ်ကျပ် ၂၀၅,၀၀၀ ပေါက်ဈေးရှိနေကာ လက်ကျန်ပစ္စည်းနည်းလာခြင်းကြောင့် ဆက်လက်မြင့်တက်နိုင်ကြောင်း သိရသည်။

သို့သော် တရုတ်ပို့ကုန် ပဲတီစိမ်းနှင့် မြေပဲဆန်များမှာမူ ဈေးကျ၊ အဝယ်ရပ်နေပြီး၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများမှာ ဈေးကျဆင်းမှုမရှိသော်လည်း အဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲနှစ်မျိုး ဈေးကောင်းနေပါတယ်။ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၂၀၅,၀၀၀ ပေါက်ဈေး၊ မတ်ပဲဈေးကတော့ ၁၉၅,၀၀၀-၂၀၀,၀၀၀ ပေါက်ဈေးရှိပါတယ်။ တရုတ်လိုင်းက ပဲတီစိမ်း၊ မြေပဲဆန်တို့ကတော့ ဈေးအေးနေတယ်။ အသစ်ဝင် မြေပဲဆန်ရှယ်စမှာ တစ်ပိဿာ ကျပ် ၆၀၀၀ ခန့်သာ ပေါက်ဈေးရှိနေတယ်။ အသစ်ဝင်ရောက်မှု အနည်းအများနှင့် မဆိုင်ဘဲ တရုတ်ဝယ်လက်မရှိ ဖြစ်နေလို့ပါ။ ကုလားပဲအုပ်စုနဲ့ ပဲမာလိုင်းတွေလည်း ဈေးအေးနေပါတယ်။ ဈေးကျဆင်းမှုတော့ မရှိပါဘူး။ ပဲဈေးကွက်တစ်ခုလုံးမှာ မတ်ပဲနဲ့ပဲစင်းငုံကလွဲ၍ ကျန်ပဲတွေ ဈေးအေးပါတယ်"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်းဒေါ်လာဈေးမတည်ငြိမ်မှုကြောင့် ဈေးအတက်အကျများခဲ့သော်လည်း အိန္ဒိယဝယ်လိုအားကောင်းနေခြင်းကြောင့် စက်တင်ဘာ ၂၂ ရက်တွင် မတ်ပဲတစ်အိတ် ကျပ် ၁၉၅,၀၀၀-၂၀၀,၀၀၀၊ ပဲစင်းငုံတစ်အိတ် ကျပ် ၂၀၅,၀၀၀ ပေါက်ဈေးရှိနေသည်။ တရုတ်ပို့ကုန် ပဲတီစိမ်းမှာ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဈေးကွက်တွင်း အဝယ်အေးနေပြီး ဈေးကျဆင်းနေရာ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၃၅,၀၀၀-၁၅၅,၀၀၀ သာ ပေါက်ဈေးရှိနေသည်။

**မြေပဲ**

အသစ်ဝင် မြေပဲဆန်များ ဈေးကွက်အတွင်း အများအပြား ဝင်ရောက်လာနေသည့်အပြင် တရုတ်လမ်းကြောင်းတွင်လည်း အခက်အခဲအချို့ရှိနေသဖြင့် ဈေးအနည်းငယ်ကျဆင်းသွားကာ ဝယ်ယူမှုအေးနေသည်။ ပို့ကုန် မြေပဲ S1 လုံးဆန်များမှာ တစ်ပိဿာလျှင် ကျပ် ၆,၁၀၀ ၊ အနီလုံးဆန် တစ်ပိဿာကျပ် ၆,၁၀၀ ဖြင့် တစ်ပိဿာ ကျပ် ၄၀၀ ခန့် ကျဆင်းသွားသည်။ ပြည်တွင်းသုံး ပဲများမှာ ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးနေကာ စက်တင်ဘာ ၂၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၁၉၅,၀၀၀၊ ပဲယင်းတစ်အိတ် ကျပ် ၁၆၀,၀၀၀၊ ပဲကြီး တစ်အိတ်ကျပ် ၂၆၀,၀၀၀၊ ပဲထောပတ် တစ်အိတ် ကျပ် ၁၇၃,၀၀၀၊ စွန်တာပြာတစ်အိတ်ကျပ် ၁၅၅,၀၀၀၊မြေထောက်ပဲတစ်အိတ် ကျပ် ၂၇၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ် ကျပ် ၄၁၀,၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: Awba**

## ဈေးကောင်းရနေသည့် ကြက်သွန်နီဈေးများ ပြန်ကျဆင်း

ယခုနှစ် ဈေးကောင်းပြန်ရလာသည့် ကြက်သွန်နီဈေးများအနည်းငယ် ပြန်ကျလာကြောင်း ကြက်သွန်ကုန်သည်များထံမှ သိရသည်။ ပြည်တွင်းဈေးကွက်တွင် တရုတ်ဘက်မှ ကြက်သွန်ဝင်ရောက်မှုများနေပြီး ပြည်တွင်းကြက်သွန်များလည်း လက်ကျန်များသေးသည့်အတွက် ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

“တရုတ်ဘက်က ကြက်သွန်တွေ ဝင်လာလို့ပါ။ တရုတ်ဘက်က ဘယ်လိုမျိုးတွေ ဝင်နေတယ်ဆိုတာတော့မသိဘူး။ ဈေးတွေတော့ကျသွားတယ်။ အခု တစ်ပိဿာကို ၃၃၀၀ ကျပ် အထိကျသွားတယ်။ ကြက်သွန်အသစ်တွေက နောက်နှစ်လ သုံးလဆိုပေါ်မယ်။ ပြည်တွင်းက စားသုံးသူတွေလဲ ဈေးကြီးလို့ သိပ်မစားနိုင်ကြတော့ဘူး” ဟု မန်းလှပွဲရုံမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ကြက်သွန်နီ တစ်ပိဿာလျှင် ယခင်က ၃၅၀၀ မှ ၄၀၀၀ ကျပ်အထိရှိခဲ့ပြီး လက်ရှိဈေးကွက်တွင် တပိဿာလျှင် ၂၅၀၀ ကနေ ၃၃၀၀ ကျပ်သာရှိတော့ကြောင်းသိရသည်။ တောဈေးအနေဖြင့် လက်ရှိတပိဿာလျှင် ၂၂၀၀ ကျပ်သာရှိကြောင်း မန္တလေးတိုင်း ၊ မြင်းခြံခရိုင် ၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ကိုအောင်စိုးမြင့်ကပြောသည်။ “တောဈေး ၂၀၀၀ ကနေ ၂၂၀၀ အထိကျသွားတယ် ၊ ၃၀၀၀ ဈေးကနေဖြစ်သွားတာ။ အရင်မြေသြဇာဈေးတွေ မတက်ခင်ကရတဲ့ ၅၀၀ ဈေးကမှ မြေဆီလွှာဈေးပြန်ရသေးတယ်။ အခုမြေဆီဈေးတွေတက်ပြီး အခုရတဲ့ဈေးက ဘယ်လိုမှ တွက်ခြေမကိုက်ဘူး။ ပြည်တွင်းက မထုတ်နိုင်တဲ့အချိန် တရုတ်ဘက်က ကြက်သွန်တွေ ဝင်ခဲ့လို့ဈေးတွေကျကုန်တာ။ တရုတ်က အတွဲ ၃၀ လောက် ဝယ်ထားတယ်ပြောတယ်။ အဲ့တော့ ဈေးကွက်ပျက်တာပေါ့ ” ဟု ကြက်သွန်စိုက်တောင်သူ ကိုအောင်စိုးမြင့်ကပြောသည်။

ရန်ကုန်လက်လီဈေးအနေဖြင့် ကြက်သွန်အသေးအကြီးပေါ်မူတည်ကာ တပိဿာလျှင် ၃၅၀၀ မှ ၅၀၀၀ ကျပ်အထိ ရှိကြောင်း ရန်ကုန်မြို့နေ အိမ်ရှင်မများထံမှသိရသည်။ “ရန်ကုန်မှာတော့ ကြက်သွန်က အသေးဆို ၃၅၀၀ အောက်ကို မဆင်းဘူး။ အလတ်ဆို ၄၀၀၀ ပေးဝယ်နေရတယ် ။ ကြာပြီ ဒီဈေးပေးဝယ်နေရတာ။ အကြီးဆို မဝယ်နိုင်ဘူး ” ဟု သဃ်္ဃန်းကျွန်းမြို့နယ်မှ အိမ်ရှင်မ မကြည်ဝင်းကပြောသည်။

ကြက်သွန်ဈေးမှာ ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ်မူတည်ကာ ဈေးနှုန်းများပြောင်းလဲနိုင်ကြောင်း ကုန်သည်များကဆိုသည်။ ပြည်တွင်းဈေးကွက်သို့ လာမည့်နိုဝင်ဘာလတွင် ကြက်သွန်အသစ်များလည်း ဝင်ရောက်လာတော့မည် ဖြစ်ကြောင်းသိရသည်။ ယခင်က ဈေးနှုန်းမြင့်တက်ခဲ့သည့်အတွက် စားသုံးသူပြည်သူများ သုံးစွဲမှုလျော့လာကာ အရောင်း အဝယ်များအေးခဲ့ကြောင်း ကြက်သွန်လက်လီဆိုင်များထံမှ သိရသည်။

လတ်တလောတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့် သွင်းအားစုများဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများစွာရှိနေပြီး စိုက်ပျိုးမှုနည်းပြီး မြေသြဇာကောင်းကောင်း မသုံးနိုင်ခဲ့သည့်အတွက် အထွက်နှုန်းအပြင် အရည်သွေးလည်းကျဆင်းနိုင်ကြောင်း တောင်သူအချို့ထံမှ သိရသည်။

AMIA

**Source: [https://t.me/htwettoe](https://t.me/htwettoe)**

## စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာ ယနေ့တွင် 92 Ron တစ်လီတာလျှင် ၂၀၅၀ ကျပ်ဖြင့်ရောင်းချ

ယခုရက်ပိုင်းအတွင်း၌ စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိရာ စက်တင်ဘာ ၂၇ ရက်(ယနေ့)တွင် ရန်ကုန်တိုင်းအတွင်း၌ 92 Ron တစ်လီတာလျှင် ၂၀၇၀ ကျပ်ဖြင့် ရောင်းချပေးရန် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှထုတ်ပြန်သည့် ရည်ညွှန်းလက်လီဈေးနှုန်းများအရသိရသည်။ ရန်ကုန်မြို့တွင်း အချို့ဆိုင်များ တွင်မူ တစ်လီတာလျှင် ၂၀၅၀ဖြင့်ရောင်းချလျက်ရှိသည်။ အလားတူ ပဲခူးတိုင်းတွင်လည်း 92 Ron တစ်လီတာလျှင် ၂၀၇၅ ကျပ် ဖြင့် ယနေ့ရောင်းချလျက်ရှိသည်ဟု သိရသည်။

ထို့ပြင်မန္တလေး၊ နေပြည်တော်၊ မကွေး၊ ထားဝယ်၊ မုံရွာ၊ ပုသိမ်၊ မြစ်ကြီးနား၊ ဘားအံနှင့်မော်လမြိုင်၊ လားရှိုး၊ တောင်ကြီးနှင့်လွိုင်ကော်တို့တွင်လည်း စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာလျက်ရှိပြီး 92 Ron တစ်လီတာလျှင် ၂၁၀၀ ကျပ်ကျော်ရှိခဲ့သည်။

ထို့အတူ စစ်တွေမြို့တွင် 92 Ron တစ်လီတာလျှင် ၂၂၁၀ ကျပ်၊ ဟားခါးတွင် ၂၃၇၀ ကျပ်တို့ဖြင့် ရောင်းချလျက်ရှိကာ ယမန်နေ့များက 92 Ron တစ်လီတာလျှင် ၃၀၀၀ ကျပ်ကျော်ဖြင့် ရောင်းချခဲ့သည့် ကျိုင်းတုံမြို့တွင်လည်း ၂၉၄၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ယနေ့ထုတ်ပြန်ခဲ့သည့် စက်သုံးဆီ ရည်ညွှန်းဈေးနှုန်းများအရ ရန်ကုန်တိုင်းအတွင်း၌ လက်လီဈေးအဖြစ် 92 Ron တစ်လီတာလျှင် ၂၀၇၀ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၁၄၀ ကျပ်၊ HSD (500 ppm) တစ်လီတာလျှင် ၂၅၄၀ ကျပ် သတ်မှတ်ခဲ့သည်။

အလားတူ HSD (50 ppm)နှင့် HSD (10 ppm)တို့မှာ တစ်လီတာလျှင် ၂၆၂၅ ကျပ်အဖြစ် စက်သုံးဆီရည်ညွှန်း လက်လီဈေးနှုန်းများအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ၏ စက်သုံးဆီရည်ညွှန်း လက်ကားဈေးနှုန်းများမှာလည်း ရန်ကုန်တိုင်း၌ 92 Ron တစ်လီတာလျှင် ၁၉၆၇ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၀၄၀ ကျပ်၊ HSD(500 ppm) တစ်လီတာလျှင် ၂၄၃၂ ကျပ်၊ HSD (50 ppm)နှင့် HSD(10 ppm)တို့မှာ တစ်လီတာလျှင် ၂၅၁၁ ကျပ်တို့ဖြစ်သည်။

အဆိုပါဈေးနှုန်းများအား စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ MOPS ဈေးနှုန်း အပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ကာ စက်သုံးဆီဝယ်ယူသူများအနေဖြင့် ကျေနပ်မှုမရှိပါက ကော်မတီသို့ဆက်သွယ် တိုင်ကြားနိုင်ကြောင်းသိရသည်။

**Source: Popular News Journal**

## မြန်မာနှင့်အိန္ဒိယ ပဲရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား G to G အစီအစဉ်ဖြင့် မတ်ပဲနှင့် ပဲစင်းငုံ ရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် နှစ်နိုင်ငံ အစိုးရများအကြား လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှု စာချွန်လွှာအရ အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံမှ နှစ်စဉ် မတ်ပဲတန်ချိန် (၂.၅) သိန်းနှင့် ပဲစင်းငုံ တန်ချိန် (၁)သိန်းတို့ကို ပုဂ္ဂလိက ကုန်သွယ်မှုမှတစ်ဆင့် နောင်ဘဏ္ဍာနှစ် ၅ နှစ်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) အတွင်း တင်သွင်းသွားမည်ဖြစ်သည်။

ယခု G to G MoU သည် အိန္ဒိယနိုင်ငံအစိုးရမှ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံတကာပဲ Quota အား ထိခိုက်မှုမရှိစေပဲ မြန်မာ့ပဲတင်ပို့သူများအနေဖြင့် နိုင်ငံတကာ Quota တွင်လည်း ပါဝင်အကျိုးခံစားခွင့်ရှိမည် ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ မြန်မာနှင့်အိန္ဒိယနိုင်ငံတို့အကြား ပထမအကြိမ် ပူးတွဲကြီးကြပ်ရေးကော်မတီ (Joint Monitoring Committee-JMC) အစည်းအဝေးအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် နေပြည်တော်-နယူးဒေလီတို့ အကြား Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး၌ နားလည်မှုစာချွန်လွှာအရ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ မတ်ပဲနှင့်ပဲစင်းငုံများကို ကုန်သွယ်မှုပြုရာတွင် မြန်မာနိုင်ငံမှ ပဲတင်ပို့သူများ၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများနှင့် နှစ်ဘက်သက်ဆိုင်ရာအစိုးရဌာနများ လိုက်နာဆောင်ရွက်ရမည့်စံ၊ လုပ်ထုံးလုပ်နည်းများကို နှစ်ဘက်သဘောတူ သတ်မှတ်ခဲ့ကြပါသည်။

ထို့အပြင်နှစ်ဖက် Focal Person များ သတ်မှတ်၍ G to G MoU အရ မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှုတွင် ပေါ်ပေါက်လာနိုင်သည့် ကိစ္စရပ်များကို နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ အစိုးရသည် မတ်ပဲနှင့်ပဲစင်းငုံတို့အား လွတ်လပ်စွာတင်သွင်းခွင့်အား ၃၁-၃-၂၀၂၃ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်သဖြင့် မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံတို့အား အိန္ဒိယနိုင်ငံသို့ လွတ်လပ်စွာတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

**Source: စီးပွား/ကူးသန်း**

**Myanmar Food Industry Guide**

## တရုတ်နိုင်ငံ ဩဂုတ်လ ခဲတ်ဆီတင်ပို့မှု ယမန်နှစ်ထက် ၂ ဆ ရှိခဲ့

တရုတ်နိုင်ငံ၏ ဩဂုတ်လတွင် ခဲတ်ဆီတင်ပို့မှုသည် ယခင်နှစ်ထက် နှစ်ဆနီးပါးရှိခဲ့သည်။ တရုတ်နိုင်ငံ၏ ၂၀၂၂ ဩဂုတ်လ ခဲတ်ဆီတင်ပို့မှုသည် ယခင်နှစ်ထက် ၉၇.၄% မြင့်တက်ခဲ့သည်။ပြည်တွင်းဝယ်လိုအား ကျဆင်းနေချိန်တွင် ရေနံချက်စက်ရုံ လုပ်ငန်းရှင်များသည် အစိုးရ၏ ပို့ကုန်ခွဲတမ်းအသစ်ကို အခွင့်ကောင်း ရယူနိုင်ခဲ့ကြပါသည်။ ခဲတ်ဆီတင်ပို့မှုသည် ဩဂုတ်လက တန်ချိန် ၁ ဒသမ ၁၂ သန်း ရှိခဲ့သည်။ တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်ဦးစီးဌာန General Administration of Customs. မှ ထုတ်ပြန်သည့် အချက်အလက်များအရ ယခုနှစ် ဇန်နဝါရီလမှဩဂုတ်လအထိ ကာလအတွင်း ခဲတ်ဆီတင်ပို့သည့် ပမာဏကိုကြည့်ပါက ယခင်နှစ်ထက် ၃၉.၄% လျော့နည်းပါသည်။ ၂၀၂၂ဩဂုတ်လ ဒီဇယ်တင်ပို့မှုမှာ တန်ချိန် ၈၃၀,၀၀၀ ရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဩဂုတ်လထက် ၅၁.၈% ပိုများခဲ့ပါသည်။ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ဒီဇယ်တင်ပို့မှု စုစုပေါင်း တန်ချိန် ၃.၂၅ သန်း ရှိပါသည်။ ယခင်နှစ် အလားတူကာလထက် ၇၈.၃% လျော့နည်းပါသည်။

၂၀၂၂ ဩဂုတ်လတွင် လေယာဉ်ဆီတင်ပို့မှု တန်ချိန် ၇၈၀,၀၀၀ ရှိပြီး ယခင်နှစ် အလားတူကာလထက် ၁၅.၄% ကျဆင်းခဲ့သည်။ သို့သော် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း တင်ပို့မှုမှာ ယခင်နှစ် အလားတူကာလထက် ၄.၄% ပိုများပါသည်။ တန်ချိန် ၅.၅၄ သန်း တင်ပို့ခဲ့ပါသည်။ တရုတ်၏ ခဲတ်ဆီ၊ ဒီဇယ်နှင့်လေယာဉ်ဆီတင်ပို့မှုသည် ဇွန်နှင့် ဇူလိုင်လတွင် အစိုးရ၏ ပို့ကုန်ခွဲတမ်းများ ပိုမိုထုတ်ပေးခဲ့သဖြင့် တစ်နှစ်တာအတွက် အမြင့်ဆုံးသို့ ပြန်တက်လိမ့်မည်ဟု လေ့လာသုံးသပ်သူများနှင့် ကုန်သည်များက မျှော်လင့်ခဲ့ကြသည်။

အစိုးရက ယခုနှစ်တွင် စတုတ္ထအသုတ် ပို့ကုန်ခွဲတမ်းချပေးခဲ့ရာတွင် တန်ချိန် ၁.၅ သန်းအထိ ခွင့်ပြုထားပါသည်။ ယခုနှစ်အတွက် ခွဲတမ်းပမာဏများ စုစုပေါင်းတန်ချိန် ၂၄ သန်း ချထားပေးပြီးပါပြီ။ ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ရည် liquefied natural gas (LNG) တင်သွင်းမှု ကိုလည်း အကောက်ခွန်စာရင်းတွင်ဖော်ပြခဲ့ရာ တန်ချိန် ၄.၇၂ သန်း တင်သွင်းခဲ့ပါသည်။ သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းဖြင့် ဩဂုတ်လတွင် တင်သွင်းခဲ့သည့်ပမာဏမှာ တန်ချိန် ၃၀.၄၀ သန်း ဖြစ်ပါသည်။

**Source: Reuters**

**Myanmar Industries Guide**

## အတိုးနှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်း ပေးအပ်မည်ဟု စီဘီဘဏ်ကြေညာ

အတိုးနှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်းရရှိမည့် 100 Fixed Deposit (ရက် ၁၀၀ စာရင်းသေအပ်ငွေ) ဝန်ဆောင်မှုကို စက်တင်ဘာ ၂၇ ရက်မှစ၍ ပေးအပ်သွားမည်ဖြစ်ကြောင်း စီဘီဘဏ်က စက်တင်ဘာ ၂၆ ရက်တွင် ကြေညာသည်။

မြင့်မားသည့် အတိုးနှုန်းရရှိနိုင်မည့် 100 Fixed Deposit (ရက် ၁၀၀ စာရင်းသေအပ်ငွေ) ဝန်ဆောင်မှုကို စက်တင်ဘာ ၂၇ ရက်မှစတင်၍ CB Bank ၏ ဘဏ်ခွဲများတွင် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ရက် 100 Fixed Deposit

အပ်နှံရာတွင် Old Account ဖြင့် ချိတ်ဆက်၍သော်လည်းကောင်း၊ Special Account ဖြင့် ချိတ်ဆက်၍ သော်လည်းကောင်း အပ်နှံဆောင် ရွက်နိုင်ပြီး အတိုးနှုန်းအနေဖြင့် ၉ ဒသမ ၁ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ပရိုမိုးရှင်းကာလကို စက်တင်ဘာ ၂၇ ရက်မှ နိုဝင်ဘာလကုန်အထိ သတ်မှတ်ထားပြီး ယင်းကာလအတွင်း ရက် 100 Fixed Deposit ကို တစ်စောင်လျှင် အနိမ့်ဆုံးအပ်နှံ ငွေကျပ်သိန်း ၁၀၀ ဖြင့် အပ်နှံနိုင်ပြီ ဖြစ်ကြောင်းသိရသည်။

**Source: ttp://sdtimedaily.com/**

## STOCK EXCHANGE (27.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +0 | +0.00% | 9,500 | 9,500 | 9,400 | 1,171 | 11,123,700 | 33,109,694 | 314,542 |
| MTSH | 00002 | 3,600 | +100 | +2.86% | 3,450 | 3,600 | 3,450 | 7,519 | 26,831,750 | 38,929,150 | 140,145 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 134 | 1,045,200 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 56 | 1,120,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,750 | 2,800 | 2,750 | 110 | 303,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 69 | 189,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,300 | -100 | -1.85% | 5,300 | 5,400 | 5,300 | 31 | 166,300 | 10,497,598 | 55,637 |


### Market summary

As of 27th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 420.63 | +1.84 | +0.44% | 418.25 | 420.63 | 416.34 | 9,090 | 40,779,700 | 7 | 731,735 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 27th Sep. 2022

| MYANPIX | 420.63 ▲ 1.84 |
|---|---|
| Total Volume (shares) | 9,090 |
| Total Value (MMK) | 41 mil |
| Listed Company | 7 |
| Market Cap. (MMK) | 731,735 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,300 | ▼ 100 |

TIR